ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကျွန်းကလေးကျေးရွာ၊ပန်းတောကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်    ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ........................................................................................................ ၂

၂။ပန်းတောကျေးရွာအုပ်စုမြေပုံ ..................................................................................................... ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း........................................................ ၃

၄။ကျေးရွာအခြေခံအချက်အလက်များ.................................................................................................. ၄

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................. ၅

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၆

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .....................၁၆

၈။ ကျေးရွာကော်မတီဝင်များစာရင်း.................................................................................................၁၉

၉။ပုံစံ-၁။ကျေးရွာအချက်အလက် ..................................................................................................၂၀


၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .........................................................................................၂၃

၁၁။အစည်းအဝေးမှတ်တမ်းများ.....................................................................................................၂၇

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)................................................၃၀

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ

ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ



## ၂။ ကျွန်းကလေးကျေးရွာအုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ပန်းတောကျေးရွာ

၂။ကျွန်းကလေးကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ကျွန်းကလေးကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း(၁၅၀)ကျော်ကတည်ထောင်ခဲ့ပါသည်။ ကျွန်းကလေးကျေးရွာဟုခေါ်ဆိုရခြင်းမှာ အရင်ကကျွန်းစုလေးပေါ်တွင်လူအနည်းငယ်စတင်နေထိုင်ကြပြီး ကျေးရွာဖြစ်ပေါ်လာပြီး ကျွန်းကလေးကျေးရွာဟုခေါ်တွင်ကြသည်။ ကျွန်းကလေးကျေးရွာသည်ပန်းတောကျေးရွာအုပ်စုတွင်ပါဝင်၍နှစ်ရွာတစ်အုပ်စုဖြစ်ပါသည်။ ကျောက်တန်းမြို့နယ်၏အရှေ့တောင်ဘက်တွင်တည်ရှိပါသည်။ ကျောက်တန်းမြို့နယ်နှင့်(၃၅)မိုင်ကွာဝေးပါသည်။ကျွန်းကလေးကျေးရွာ၏ အနောက်ဘက်တွင် ပန်းတောစံပြကျေးရွာ၊ အရှေ့ဘက်တွင် ရွာသစ်ကလေးကျေးရွာ၊ မြောက်ဘက်တွင် ကြံပင်ကျေးရွာ၊တောင်ဘက်တွင်စန္ဒီကျေးရွာတည်ရှိ

ပါသည်။ ကျောက်တန်းမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျွန်းကလေးကျေးရွာသည် အရှေ့မှ အနောက် စီးဆင်းလျှက်ရှိသော မှော်ဝန်းချောင်း ဘေးတွင် တည်ရှိပါသည်။ ကျွန်းကလေးကျေးရွာသည် လူဦးရေ (၁၄၃၁) ၊ အိမ်ထောင်စု (၄၁၂)၊ အမျိုးသား (၆၈၈) ယောက်၊ အမျိုးသမီး (၇၄၃)ယောက် ရှိပါသည်။ ကျွန်းကလေးကျေးရွာတွင် ဗမာလူမျိုးတို့ စုပေါင်းနေထိုင်ကြပါသည်။ ကျွန်းကလေးကျေးရွာသို့ ကျောက်တန်းမှ ရေလမ်း၊ ကုန်းလမ်း (၂) မျိုးဖြင့် ဆယ်နှစ်ရာသီ သွားလာလို့ရပါသည်။ ရွာတွင် စိုက်ပျိုးရေး နှင့် မွေးမြူရေးတို့ လုပ်ကိုင်ကြပါသည်။ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ရွာတွင် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း၊ ဇရပ်များစွာ၊ စာသင်ကျောင်း (၁) ကျောင်း၊ စာကြည့်တိုက်တို့ ရှိပါသည်။ သောက်ရေကန် (၃) ကန် ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရှိပါ။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၁၂ | ၁၅၀ | ၁၆၂ | ၃၁၂ |
| မြေယာမဲ့ | ၅ | ၇ | ၁၃ | ၂၀ |
| မသန်စွမ်း | ၁၀ | ၆ | ၄ | ၁၀ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | စက်ချုပ်ဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ဓနိထိုး | |
| | ဘဲ | စျေးဆိုင် | |
| | | ဆန်စက် | |
| | | ရေလုပ်ငန်း | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|

| | | | | | | |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၅၆၀ | ၂ | ၈ | - | ၄ | ၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | - | ၄၀ | ၁ | ၁၀ | - | ၄ |

**၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၂၅ | ၂၅ | - | ၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၃ | ၃၆ | ၁၀ | ၈၁၂ | ၇ |

## ၈။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၃-၂-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၄၅ | ၄၇ | ၉၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၃-၂-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၄၅ | ၄၇ | ၉၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဝမ်းစာဖူလုံမှု |
| ၃ | ဉစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၃-၂-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၄၅ | ၄၇ | ၉၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ဗင်းပုံစံသုံးသတ်ချက် | ၃-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၄၅ | ၄၇ | ၉၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၃-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၄၅ | ၄၇ | ၉၂ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့်မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၄၅ | ၄၇ | ၉၂ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ


### ၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်



**သုံးသပ်ချက်**

ကျွန်းကလေးကျေးရွာတွင် လူဦးရေ (၁၄၃၁) ဦးရှိပါသည်။ အိမ်ထောင်စု မှာ (၄၁၂) အိမ် ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက် (၁) ခု၊ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း၊ သောက်ရေကန် (၄) ကန်၊ စက်ရေတွင်း (၂) တွင်း၊ ဆန်စက် (၁) လုံး၊ မူလတန်းကျောင်း (၂) ကျောင်း၊ ရွာထဲတွင် တံတား (၂) စင်းရှိပြီး၊ ရွာချင်းဆက် တံတား (၄) စင်း စသည်တို့ ရှိပါသည်။

**၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။**



ပန်းတောကျေးရွာအုပ်စု၊ ကျွန်းကလေးကျေးရွာ၊ ၃.၂.၂၀၁၇

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက (၂၀)အထက်၊ ထွန်စက်၊ ဆန်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ TV၊ သွပ်မိုး၊ ပျဉ်ကာ၊ ထော်လာဂျီ၊ ဖုန်း | ၅၀ | ၁၂% |
| အလယ်အလတ် | ပဲတောင်၊ ဓနိမိုး၊ ထရံကာ၊ ဆိုင်ကယ်၊ စက်ဘီး၊ TV၊ ဖုန်း၊ လယ် (၁၀)ဧကအောက်၊ ကျားပိုက်၊ | ၁၅၀ | ၃၆% |
| နွမ်းပါး | ဓနိမိုး၊ ဓနိကာ၊ ချုံပိုင်းပိုက်၊ မျှောပိုက်၊ ဒိုင်းကွင်း၊ လှေ (အသေး) | ၂၁၂ | ၅၂% |
| စုစုပေါင်း | | ၄၁၂ | ၁၀၀% |

**သုံးသပ်ချက်**

ကျွန်ကလေးကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသောအဆင့်မှာ လယ်ထွန်စက်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်ဘီး၊ တီဗွီ၊ ဖုန်း၊ ဆန်စက်၊ သွပ်မိုးပျဉ်ကာ လယ်(၂၀)ကေအထက်နှင့်စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ အလယ်အလတ်များမှာ ထနိမိုးထရံ ကာ၊ တီဗွီ၊ ပဲ့တောင်၊ လယ်ကေ(၁၀)အောက်၊ ကျားပိုက်၊ စက်ဘီး၊ ဆိုင်ကယ်၊ ဖုန်းတို့ကိုပိုင်ဆိုင်ကြသည်။ နွမ်းပါးသောသူများမှာ ဓနိမိုးဓနိကာ၊ ခြံပိုင်းပိုက်၊ မျှောပိုက်၊ ဒိုင်းကွင်း၊ လှေအသေးတို့ကိုပိုင်ဆိုင်ကြသည်။

ကျေးရွာတွင်နွမ်းပါးသူဦးရေပိုများပါသည်။ နွမ်းပါးရခြင်းမှာ အလုပ်ပုံမှန်မရှိခြင်း၊ အရင်းနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီစွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** စပါးကို အဓိကထားစိုက်ပျိုးပြီး ပဲတီးစိမ်းကို အနည်းငယ်စိုက်ပျိုးကြပါသည်။ စပါးကို နယုန်လတွင် စိုက်ပျိုးပြီး သီတင်းကျွတ်တွင် ရိတ်သိမ်းပါသည်။ ပဲကိုတော့ တန်ဆောင်မုန်းတွင် စတင်စိုက်ပျိုးပြီး တပို့တွဲတွင် ခူးကြပါသည်။

**ရာသီဥတု** တန်ခူး၊ ကဆုန် တွင် နေပူပါသည်။ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း တွင် မိုးရွာပြီး ကျန်လများတွင် နေသာပါသည်။

**ရေလုပ်ငန်း** ကျားပိုက် ၊ ဝိုင်းပိုက် တို့ကို အချို့သည် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။

**မွေးမြူရေး** မွေးမြူရေးတွင် ကြက်၊ ဝက်၊ ဘဲ တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

**ဝင်ငွေ** သီတင်းကျွတ် နှင့် တပို့တွဲ တွင် သီးနှံများကို ရောင်းချရ၍ ဝင်ငွေများပြီး ကျန်လများတွင် အသင့်အတင့်ရှိပါသည်။

**ကျန်မာရေး** တန်ခူး၊ တော်သလင်း၊ သီတင်းကျွတ်တွင် ရာသီဥတု အပြောင်းအလဲကြောင့် ဖျားနာတက်ပြီး ကျန်လများတွင် ဖျားနာခြင်းမဖြစ်သလောက် ရှားပါသည်။

## ၄။ ဗင်းပုံစံသုံးသပ်ချက်။




### သုံးသပ်ချက်

ကျေးရွာအတွင်းချိတ်ဆက်နေသော အဖွဲ့အစည်းများမှာဂေါပကအဖွဲ့၊လူမှုရေးအဖွဲ့၊ မိဘ/ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ပက်(စ်)မြန်မာ၊ မြစိမ်းရောင်အဖွဲ့တို့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက်ငွေချေးခြင်းနှင့် ပညာရေးတိုးတက်ခြင်း၊ လူမှုရေးတို့အတွက် ဆောင်ရွက်နေကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာလူထုနှင့်အနီးကပ်ဆုံးရှိပါသည်။ မြို့နယ်နှင့်ချိတ်ဆက်

နေသော အဖွဲ့အ စည်းများမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့သည်ကျေးရွာနှင့်အနီးကပ်ဆုံး ဖြစ်ပြီး မြို့နယ်ကျန်းမာရေး၊ မြစိမ်း ရောင်၊ ပက်(စ်)မြန်မာ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဌာန၊ စိုက်ဘဏ်များသည်လည်း ကျေးရွာနှင့်ချိတ်ဆက်နေပါသည်။ လဝက၊ မြို့နယ်နာရေးကူညီမှုအသင်းတို့သည်လည်းကျေးရွာ ဖွံ့ဖြိုးရေး၊ သာရေးနာရေး လုပ်ငန်းများအတွက်လည်းဝိုင်းဝန်းကူညီကြပါသည်။

**၅။ ပင့်ကူအိမ်သုံးသပ်ချက်။**



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့်** ကျေးရွာအတွင်း ဆုံးဖြတ်ချက်များချရာတွင် အမျိုးသမီးများက အားနည်းပြီး အမျိုးသားများက ပိုမိုရရှိ၍ တန်းတူညီမျှမှုမရှိပါ။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသားများသည်စီးပွားရှာခြင်း၊ရပ်ရေးရွာရေးများတွင်ပါဝင် ဆောင်ရွက်ခြင်းစသည်တို့ကြောင့်အိမ်မှုကိစ္စဆောင်ရွက်မှုအပိုင်းတွင်အချိန်မပေးနိုင်ပါ။ အမျိုးသမီးများသည် အိမ်မှုကိစ္စများမှအပ အခြားသော ဆောင်ရွက်မှုများလုပ်ကိုင်ခြင်းကို မတွေ့ရသလောက်ဖြစ်ပါသည်။

**အရင်းအမြစ်အသုံးချမှု** အမျိုးသားများသည် အမျိုးသမီးများထက် သာနေကြောင်း တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် အိမ်တွင်းတွင်သာ နေရပြီး အမျိုးသားများလောက်ဝင်ငွေမရရှိသောကြောင့် ဖြစ်ပါသည်။

**ပညာရေး** အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှစွာ ရှိပါသည်။

**ဝင်ငွေရရှိမှု** အမျိုးသားများသည်အမျိုးသမီးများထက် ဝင်ငွေရရှိမှုပိုများသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးးများသည်အိမ်မှုကိစ္စများတွင်သာအချိန်ကုန်နေရသောကြောင့်ဖြစ်သည်။


**လုံခြုံမှု** အမျိုးသမီးများသည် ခေတ်ကာလအနေအထားများ၊ ပြောင်းလဲ၍မရသော ခန္ဓာကိုယ်ဖွဲ့စည်းပုံရှေးရိုးစွဲအစဉ်အလာတို့ကြောင့်အမျိုးသားများထက်လုံခြုံမှုနည်းပါးလျက်ရှိပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင်လည်း အများဆုံးရရှိပြီး အမျိုးသမီးများသည် အိမ်တွင်းတွင်သာ နေရပြီး အိမ်မှုကိစ္စများတွင်သာ အချိန်ကုန်နေရသောကြောင့် အလုပ်အကိုင် နည်းပါးပါသည်။

**လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်** အမျိုးသမီးများသည် အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန် နေကြသဖြင့် ကျေးရွာအတွင်း လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်မှု နည်းပါးပါသည်။

ဖြေ။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။



**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်၊ ဆိုင်ကယ်၊ ဂေါ်ပိုက်၊ ကျားပိုက်၊ ထွန်စက်၊ ဒိုင်းကွင်းတို့ကိုအမျိုးသားများကထိန်းချုပ်ထားပါသည်။အမျိုးသမီးများသည်ဈေးဆိုင်၊မွေးမြူရေး၊ရွှေ၊အပ်ချုပ်စက်၊အိမ်မှုကိစ္စတို့ကိုထိန်းချုပ်ထားပါသည်။ အမျိုးသား အမျိုးသမီးနှစ်ဦးလုံးသည် တီဗွီ၊ ဖုန်း၊ ချံဝိုင်းပိုက်တို့ကိုထိန်းချုပ်ကြသည်။

**အသုံးပြုမှု** အမျိုးသမီးများသည် ရွှေ၊ အပ်ချုပ်စက်၊ မွေးမြူရေး၊ ဈေးဆိုင်စသည်တို့ကိုသုံးစွဲကြသည်။ အမျိုးသားများသည် ကျားပိုက်၊ ထွန်စက်၊ ဂေါ်ပိုက်၊ ဒိုင်းကွင်းစသည်တို့ကိုသုံးစွဲကြသည်။ အမျိုးသားအမျိုးသမီးနှစ်ဦးလုံးသည် ဆိုင်ကယ်၊ လယ်၊ ချံဝိုင်းပိုက်၊ အိမ်မှုကိစ္စ၊ တီဗွီ၊ ဖုန်းစသည်တို့ကိုနှစ်ဦးလုံးအသုံးပြုကြသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီးအချိုးညီစွာပါဝင်ရန်သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖနှင့်တာဝန်ရှိသူများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ်မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများအချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှပြောကြားလိုသော အချက်များကိုလွတ်လပ်ပွင့် လင်းစွာပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင်အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အား ဖြင့်ဆောင်ရွက်သော လုပ်ငန်းများဖြစ်ပါက တူညီသောလုပ်ငန်းအတွက် တူညီသောလုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ကဏ္ဍတိုင်းတွင်အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီးအမျိုးသား/ အမျိုးသမီး ခွဲခြားမှုများမရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ ပါသည်။ အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာစေရန် အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ အချိုးညီစွာပါဂင်နိုင်ပြီး အားလုံးတက်ညီ လက်ညီပါ ဂင်လာနိုင်ရန်လည်းစည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ထို့နောက်အမျိုးသမီးများ၏အခက်အခဲ၊ မျှော်မှန်းချက်များကိုလည်း အမျိုးသမီးသီးသန့်အဖွဲ့လိုက်ခွဲ၍ ပြုလုပ်ခဲ့ကြသည်။ အမျိုးသမီးများ၏ လက်တွေ့ရင်ဆိုင် နေရသော အခက်အခဲများကိုလည်းလွတ်လပ်စွာပြောဆိုနိုင်ပြီနိုင်ကြောင်း နှင့်အမျိုးသာများကလည်းဝိုင်းဂန်း ကူညီပေးကြပါရန်ကိုလည်းပြောကြား ခဲ့သည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၂၁.၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံး ဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေး မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေး နိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူ နည်း စု/ ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီ ဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါ သလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီ ဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ





ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ




ကော်မတီဝင်များမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမြင့်ဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ပြုံး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဇော်မင်းနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးနိုင်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဒေါ်အေးသန်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိန်း |
| ၆ | ဦးဆန်းမင်းကျော် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်သိဂီမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးအောင်လွင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်သူဇာမြင့် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးမြင့်ဇော် | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်လဲ့သဇင်ချို | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးအောင်ဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်နီနီမြင့် | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်ရီရီဝင်း | ကျား | ကျေးရွာငွေစာရင်းကိုင် |

**စုစုပေါင်း။ (၁၆) ယောက် ကျား-၈ ယောက် + မ-၈ ယောက်**

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးမြင့်ဦး ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၂။ဒေါ်ပြုံး ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ
၃။ဒေါ်စန်းစန်းသွယ် အုပ်စုအဖွဲ့ဂင်
၄။ဦးအောင်ရဲသွေး အုပ်စုအဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

ဒေါ်ဝါဝါနိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

နေ့စွဲ။ ၂၂ .၃ .၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-[illegible] | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၄၅၀ | ဘာသာ (၁) ဗုဒ္ဓ | ၄၅၀ |
| လူမျိုးစု (၂) ------------ | – | ဘာသာ (၂) ------------ | – |
| လူမျိုးစု (၃) ------------ | – | ဘာသာ (၃) ------------ | – |
| လူမျိုးစုရော ------------ | – | ဘာသာရော ----------- | – |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၀ | ဗုဒ္ဓ | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၁၂ | ဗုဒ္ဓ | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၈၀ | ၇၃၅ |
| လူမျိုးစု (၁) [illegible] | ၆၈၀ | ၇၃၅ |
| လူမျိုးစု (၂)---------- | – | – |
| လူမျိုးစု (၃)---------- | – | – |
| အခြား | – | – |
| အိမ်ထောင်ဦးစီး | ၄၁၅ | ၄၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည် /(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-၂၀၁၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည် /မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်------၂၀ မိနစ်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/(မော်တော်ဘုတ်)/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☒ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---၁၁၈---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---[illegible]---

(၂) ---[illegible]---

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးသွင်ကျော်မိုး

လက်မှတ် [illegible] နေ့စွဲ ၂.၂.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဂါဂါနိုင်

လက်မှတ် [illegible] နေ့စွဲ ၂.၂.၂၀၁၇

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ဝါဝါနိုင် | | | | | |
| နေ့စွဲ ၄.၂.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ယင်းတော | ကျေးရွာ ကျွန်းကလေး | | |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | ~~အမျိုးသားအဖွဲ့~~ အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သွားလာရေး ခက်ခဲခြင်း | ၁ | စာကြည့်တိုက်ပြုပြင်ရန် |
| ၂ | ရေနုတ်မြောင်း | ၂ | ပျက်စီးသောလမ်းများ ပြုပြင်ရန် |
| ၃ | ကျန်းမာရေး ခက်ခဲ | ၃ | ကျောင်းဆိုင်ပြုပြင်ရန် |
| ၄ | ပညာရေး | ၄ | အလုပ်အကိုင် ရှားပါးခြင်း |
| ၅ | အလုပ်အကိုင်အခက်အခဲ | ၅ | ဆေးပေးခန်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | ~~အမျိုးသားအဖွဲ့~~ အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သွားလာရေး ကောင်းမွန်စေရန် | ၁ | လမ်းပန်း ကောင်းမွန်လာစေရန် |
| ၂ | ရေနုတ်မြောင်း ကောင်းမွန်စေရန် | ၂ | ကန်ဖြံစည်းရိုး ခတ်ရန် |
| ၃ | ကျန်းမာရေး ~~[illegible]~~ ကောင်းမွန်ရန် | ၃ | ဆေးပေးခန်း |
| ၄ | ပညာရေး ~~[illegible]~~ တိုးတက်လာစေရန် | ၄ | စာကြည့်တိုက် |
| ၅ | အလုပ်အကိုင်အခွင့်အလမ်း ရရှိရန် | ၅ | အလုပ်အကိုင်အခက်အခဲ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁. | စက်ရေတွင်းလမ်းပြုပြင်ခြင်း | ၈ + ၆ | 5,200,000 | ၁၄၁၅ |
| ၂။ | ဘုရားလမ်းပြုပြင်ခြင်း | ၈ + ၆ | 4,000,000 | ၁၄၁၅ |
| ၃။ | စာကြည့်တိုက်လမ်းပြုပြင်ခြင်း | ၈ + ၆ | 2,700,000 | ၁၄၁၅ |
| ၄။ | ဘုန်းကျောင်းပြုပြင်ခြင်း | ၈ + ၆ | 12,100,000 | ၁၄၁၅ |
| ၅။ | ရေပိုက်သွယ်တန်းရန် | ၈ + ၆ | 3,000,000 | ၁၄၁၅ |
| ၆။ | ကန်ဖြံစည်းရိုးခတ်ရန် | ၈ + ၆ | 8,800,000 | ၁၄၁၅ |
| ၇။ | ကွင်းကျောင်းပြုပြင်ရန် | ၈ + ၆ | 15,000,000 | ၁၄၁၅ |
| ၈. | စာကြည့်တိုက်ပြုပြင်ရန် | ၈ + ၆ | 4,000,000 | ၁၄၁၅ |
| ၉။ | ဆိပ်ခံတံတား ပြုပြင်ရန် | ၈ + ၆ | 3,000,000 | ၁၄၁၅ |

## ...သား များ မှ တင်ပြသော အခက်အခဲ ၊ ပြဿနာ များ

ရေပေးဝေရေး စက်ပဲ ခြင်း

၇။ ရေကန် (ခြံစည်းရိုး)

၈။ ချောင်းမြောင်း တံတား ပြုပြင်

၉။ စာကြည့်တိုက် (ပြုပြင်)

၁၀။ အုပ်ချုပ်ရေး ရုံး

## အမျိုးသမီး များ မှ တင်ပြသော အခက်အခဲ ၊ ပြဿနာ များ

၆။ မီးရရှိရေး

၇။ ယင်လုံ အိမ်သာ

၈။ သောက်ရေကန် (ခြံစည်းရိုးခတ်ရန်)

၉။ စက်ရေတွင်း

၁၀။ ရေဆင်းတံတား (ပြုပြင်ရန်)

၁၁။ နားနေဆောင် (ပြုပြင်ရန်)

၁၂။ မူကြိုကျောင်း ဆောက်လုပ်ရန်

## အမျိုးသား များ မှ တင်ပြသော မျှော်မှန်း ချက်

၆။ ရေပေး ဝေခြင်း (ရွာအတွင်း)

၇။ စာကြည့် တိုက်ပြုပြင်ရန်

၈။ အုပ်ချုပ်ရေး မှူး ရုံး ရရှိရန်

၉။ ကျေးရွာ မီးလင်းရေး

အမျိုးသမီးများမှ မျှော်မှန်းချက်

၆။ ရေနုတ်မြောင်းများ ကောင်းမွန်လာစေရန်

၇။ ပညာရေး တိုးတက်ကောင်းမွန်စေရန်

၈။ မူကြိုကျောင်း

၉။ မီးရရှိရေး

၁၀။ ဆက်ရေကွင်း

၁၁။ အထက်တန်းကျောင်း ရရှိရန်

၁၂။ လမ်း (ကျောက်လမ်း ကောင်းမွန်လာစေရန်)

၁၃။ ကျေးရွာတွင် ယင်လုံအိမ်သာ ရရှိရန်

၁၄။ ရေဆင်းတံတား ကောင်းမွန်စေရန်

၁၅။ ဈေး ရရှိရန်

၁၆။ ဆော့ကစားကွင်း ရရှိရန်။

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---ကျွန်းကလေး---

ကျေးရွာအုပ်စု ---ပန်းတော---

အစည်းအဝေးပြုလုပ်သည့်နေရာ ---ကျေးရွာစာသင်ကျောင်း---

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---၂.၂.၂၀၁၇---

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---ပဏာမအကြိုဖော်အစည်းအဝေး---

---စီမံကိန်းမိတ်ဆက်ခြင်း၊ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း---

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၁၃၇)ဦး ၊မ ( ၉၂ )ဦး= (၂၂၉) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်

ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်းကို သိရှိစေရန် ရှင်းလင်းပြောကြားခြင်း၊ စီမံကိန်းလက်ဖ-ဝန်းကိုရှင်းပြခြင်း၊ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း။

ဆွေးနွေးချက်

ကျေးရွာအုပ်ချုပ်ရေးမှူးမှ စတင်၍ အစည်းအဝေး ဖွင့်လှစ်ဆက်စကား ပြောကြားခဲ့ပါသည်။ စီမံကိန်းတွင် ကျေးရွာလူထုအားလုံး ပူးပေါင်းပါဝင်ကြရန် အုပ်ချုပ်ရေးမှူးမှ ပြောကြားခဲ့ပါသည်။ လူထုဗဟိုပြု စီမံကိန်း အား မိတ်ဆက်ခြင်းတွင် စီမံကိန်း ကို ၂၀၁၃ ခုနှစ်မှ (၃) မြို့နယ်ဖြင့် မြန်မာနိုင်ငံတွင် စတင်ရန် ၂၀၁၄ / ၂၀၁၅ ခုနှစ်တွင် (၆) မြို့နယ် တိုး၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် (၁၁) မြို့နယ်ထပ်တိုးခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် မြို့နယ်(၃၀) ထပ်တိုးခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လူထုဗဟိုပြု စီမံကိန်းကို မြို့နယ်ပေါင်း (၄၇) မြို့နယ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရံပုံငွေထောက်ပံ့သောနိုင်ငံများမှာ မြန်မာနိုင်ငံ၊ ဩစတေးလျနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ကူညီပေးပါသည်။ စီမံကိန်း ရည်ရွယ်ချက်၊ ရလဒ်များ များ သိရှိရန် စီမံကိန်းကို ကောင်းမွန်စွာ အကောင်အထည်ဖော်မည် ဖြစ်သည်နှင့် ကျား - မရေးရာ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပတ်သက်သည်များကို သိရှိစေရန်ရှင်းလင်းပြောကြားခဲ့ပါသည်။

ကော်မတီများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခဲ့ပါသည်။ ရန်ပုံငွေသည် ကျေးရွာများသို့ ပေးခြင်းမဟုတ်ဘဲ ကျေးရွာအုပ်စုသို့ ပေးခြင်းဖြစ်ပါသည်။ အကာအကွယ်များဖြစ်သော ကော်ဖုံးကျင်း အကာအကွယ်နှင့် ရေမြှုပ် အကာအကွယ် အကြောင်း ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာလူထုမှ ရရှိသော အခွင့်အရေးများကို ကောင်းမွန်စွာ အသုံးချရန်၊ ဖြစ်နိုင်ချေရှိသည့် မျှော်လင့်ချက်အား ဘဏ္ဍာရန် ရန်ပုံငွေ၏ (၄၀%) ကို အလေးသုံး အတွက် အသုံးပြုရန်သည့်ကိစ္စရပ်များကို ရှင်းလင်း ပြောပြခဲ့ပါသည်။ စီမံကိန်း ကော်မတီတွင် အပိုင်း (၅) ပိုင်း အဆင့် (၁၄) ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ကော်မတီဝင်များ၏ ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း ပြောပြခဲ့ပါသည်။

## ဆုံးဖြတ်ချက်

စေတနာ့ဝန်ထမ်း ရွေးချယ်ရန်အတွက် အားလုံးကိုရှင်းပြပြီး ကျေးရွာလူထုမှ (၆) ဦးကို အဆိုပြု၊ ရွေးချယ်ခဲ့ပါသည်။ ကျား၊ မ အချိုးညီစွာ ရွေးချယ်ရန် မဲပေးခြင်းဖြင့် ရွေးချယ်ခဲ့ပါသည်။

## သဘောတူညီချက်

စေတနာ့ဝန်ထမ်း (၆) ဦးအနက်မှ မဲပေးခြင်းဖြင့် ရွေးချယ်ခဲ့ရာ အမျိုးသားဘက်မှ ဦးအောင်ဝင်း နှင့် အမျိုးသမီးဘက်မှ ဒေါ်ခိုင်ခိုင်မြင့် မဲအများဆုံးရရှိသွားပါသည်။ ဦးအောင်ဝင်းနှင့် ဒေါ်ခိုင်ခိုင်မြင့်တို့သည် ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် သဘောတူညီခဲ့ပါသည်။

မှတ်တမ်းတင်သူ

(signature)

ဒေါ်ဝါဝါခိုင်

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ကျွန်းကလေးကျေးရွာ |
| ကျေးရွာအုပ်စု | ပန်းတော |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကျေးရွာစာသင်ကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၄.၂.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ဒုတိယအကြိမ်အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၁၂၆)ဦး ၊မ (၁၅၉ )ဦး= (၂၈၅) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်

ကျေးရွာလုပ်ငန်းခွဲ ရွေးချယ်ခြင်း၊ ကော်မတီရွေးချယ်ခြင်း တို့ဖြစ်ပါသည်။

ဆွေးနွေးချက်

ကျေးရွာ၏ အဆက်အစပ်ရှိသော အသီးများကို အမျိုးသား ၁၀ဦးသန့်၊ အမျိုးသမီး ၁၀ဦးသန့် ဖော်ထုတ်ပြီး၊ မြေပုံမှန်းချက်ကိုလည်း ထိုနည်းတူ အမျိုးသား ၁၀ဦးသန့်၊ အမျိုးသမီး ၁၀ဦးသန့် ဖော်ထုတ်ခဲ့ပါသည်။ ၎င်းနောက် ထိုအဆက်အစပ်ရှိသော အသီး၊ မြေပုံမှန်းချက်များနှင့် နှိုင်းယှဉ်ကာ ရွာ၏လိုအပ်ချက် လုပ်ငန်းခွဲများကို ဖော်ထုတ်ခဲ့သည်။ ထိုလုပ်ငန်းခွဲများကို ရွာ၏ အဓိကလိုအပ်ချက်မှာ မည်သည် ဖြစ်သည်ကို မဲခွဲခြင်းဖြင့် ပထမ၊ ဒုတိယ၊ တတိယ အဆင့်ဖြင့် လုပ်ငန်းခွဲများကို ဆုံးဖြတ်ကာ၊ ဖယ်ပေး၍ ရွေးချယ်ခဲ့ကြသည်။ ထို့နောက် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကော်မတီများ ကို ရွေးချယ်ဖို့ ထိုကော်မတီများ၏ အဓိကတာဝန် ဝတ္တရားများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ကော်မတီဝင်ရွေးချယ်ခြင်း၏ အဓိကတာဝန်များကိုလည်း ရှင်းလင်း ပြောကြား ပြီး တာဝန်ရွေးချယ်ခဲ့သည် ကျေးရွာစီမံကိန်း ခေါင်းဆောင်ဆောင် ရွေးချယ်ရာတွင် လျှို့ဝှက် မဲခွဲခြင်းဖြင့် ရွေးချယ်ခဲ့သည်။

ဆုံးဖြတ်ချက်

ဦးတင်ရွှေနှင့် ဒေါ်ဝင်းမော်တို့က မဲအများဆုံး ရရှိကာ စီမံဆောင်ရွက်ခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ဝယ်ယူရေးဆပ်ကော်မတီတွင် ဦးမျိုးလှ၊ ဒေါ်ဆုဆု၊ ဒေါ်ခင်ကြည် ကြီးကြပ်ရေးဆပ်ကော်မတီတွင် ဦးလှဝင်း၊ ဒေါ်သန္တာဝင်း၊ လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီတွင် ဦးမျိုးခိုင်၊ ဒေါ်မြင့်မြင့်ခိုင်၊ တုံ့ပြန်မှုအကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့တွင် ဦးကြည်သန်း၊ ဒေါ်စံပယ်ရှိန်း နှင့် ကျေးရွာငွေစာရင်းကိုင်တွင် ဦးဝင်းမြင့်၊ ဒေါ်ဝင်းဝင်းမော တို့က အသီးသီး မဲအများဆုံးရရှိကာ ကော်မတီများအဖြစ် ရွေးချယ်ခံခဲ့ကြရသည်။ ထိုသို့ရွေးချယ်ရာတွင် ကျား ၊ မ အချိုးတူပါဝင်ရန် ရွေးချယ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ဝါဝါခိုင်

လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊